ဇစ်မြစ်

မျိုးရိုးစဉ်ဆက် ယုံကြည်မှုအရ၊ အေဒီ ၆၁၀ တွင် ကိုယ်တော်မုဟမ္မဒ်ထံ၌ ကျမ်းမြတ်ကုရ်အံ သုတ်ဒေသနာများကို စတင်၍ ဥာဏ်စဉ် ကိန်းဝပ်ခဲ့သည်။ ကုရ်အံကျမ်းတော်၏ သုတ်တော်များကို ကိုယ်တော်သက်ရှိထင်ရှား ရှိနေစဉ်၌ပင် ရေးမှတ်လျှက်လည်းကောင်း၊ နှုတ်ငုံကျက်မှတ်လျှက်လည်းကောင်း မှတ်တမ်းတင်ခဲ့ပေသည်။ မက္ကာဟ်မြို့သည် အေဒီ ၆၃၀တွင် မူဆလင်များ၏ လက်သို့ ကျရောက်ခဲ့ပေသည်။ အေဒီ ၆၂၈ ခုနှစ်တွင် မက္ကာဟ်မြို့မှ အကြီးဆုံး လူမျိုးစုဖြစ်သည့် ကိုရိုက်ချ် လူမျိုးများနှင့် မဒီနာမှ မွန်ဆလင် အသိုင်းအဝိုင်းတို့သည် ဟုဒိုင်ဗီယာ ဟုခုသည့် ငြိမ်းချမ်းရေး စာချုပ်ကို ချုပ်ဆိုခဲ့၍၊ ၁၀ နှစ်တာ ငြိမ်းချမ်းရေး သဘောတူညီခဲ့သည်။ ၎င်းကို ကိုရိုက်ချ်နှင့် သူတို့၏ မဟာမိတ်များဖြစ်သည့် ဘက္ကာရ် လူမျိုးစုတို့က ချိုးဖျက်လျှက် မူဆလင်တို့၏ မဟာမိတ်ဖြစ်သော ကူဇာဟ် လူမျိုးစုကို စတင်တိုက်ခိုက်ခဲ့ပေသည်။ ကိုယ်တော်မုဟမ္မဒ်သည် အေဒီ ၆၃၂ ဂျွန်လတွင် ပရိနိဗ္ဗာန်ပြု၍၊ ထိုနှစ် ဒီဇင်ဘာလတွင် ပထမဆုံး ခလီဖာ အဘူဘာ့ခ် မူဆိုင်လီမာတို့ကြား စစ်မက်ဖြစ်ပွား ခဲ့ပေသည်။

(ခလီဖာ၏ အဓိပ္ပါယ်မှာ အာဏာဆက်ခံသူ၊ သို့မဟုတ် သမ္မတ ဟု ဖြစ်သည်။ ထိုရာထူးကို လူအများက ရွေးချယ် တင်မြှောက်ရပေသည်။)

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com